# သေသေချာချာ စစ်ဆေးပါ!

# အနိမ့်ဆုံးလုပ်အားခ



အလုပ်သမားရော အလုပ်ရှင်ပါ စစ်ဆေးရန် မမေ့ပါနှင့် ☑

## ဂွန်းမစီရင်စု အနိမ့်ဆုံးလုပ်အားခ

2026 ခုနှစ်
မတ်လ
1 ရက်နေ့မှစ၍
တစ်နာရီစာလုပ်အားခ

# 1,063 ယန်း

မနှစ်ကထက် UP 78 ယန်း

ミャンマー語版

အနိမ့်ဆုံးလုပ်အားခဆိုသည်မှာ အလုပ်လုပ်သူအားလုံးအတွက် လုပ်အားခ၏ အနိမ့်ဆုံးပမာဏကို အာမခံသောစနစ် ဖြစ်ပါသည်။

**Web မှာစစ်ဆေးပါ!**
အနိမ့်ဆုံးလုပ်အားခနှင့် ပတ်သက်သည့် အထူးဝက်ဘ်ဆိုက် (ဂျပန်ဘာသာဖြင့်သာ)
最低賃金　特設サイト　検索

အနိမ့်ဆုံးလုပ်အားခနှင့် ပတ်သက်၍ စုံစမ်းရန် ဂွန်းမအလုပ်သမားဦးစီးဌာန သို့မဟုတ် အနီးအနားရှိ အခြေခံ အလုပ်သမားကြီးကြပ်ရေးရုံးသို့ စုံစမ်းမေးမြန်းနိုင်သည်
群馬労働局　検索

**လုပ်အားခတိုးမြှင့်ရေး အထူးသတ်မှတ် စာမျက်နှာ (ဂျပန်ဘာသာဖြင့်သာ)**
လုပ်အားခတိုးမြှင့်ရေးအတွက် ပံ့ပိုးမှုစီမံချက် စသည်တို့ကို ဖော်ပြထားသည်။
賃金引上げ特設ページ　検索

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ အတွက်

業務改善
助成金
အမြင့်ဆုံး ယန်းသောင်း 600 အား ထောက်ပံ့မည်



ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန



# အလုပ်သမားရော အလုပ်ရှင်ပါ။ သေချာပေါက်စစ်ဆေးပါ၊ အနိမ့်ဆုံးလုပ်အားခ!

"အနိမ့်ဆုံးလုပ်အားခစနစ်" သည် အသက်အရွယ်နှင့် အချိန်ပိုင်း၊
ကျောင်းသားစသည့် အလုပ်လုပ်သူ မတူညီခြင်းနှင့် မသက်ဆိုင်ဘဲ၊
အလုပ်လုပ်သောသူအားလုံးအပေါ် သက်ရောက်ပါသည်။
စစ်ဆေးလိုသော လုပ်အားခ (*1)နှင့် အလုပ်လုပ်ရန်နေရာ၏ စီရင်စုနယ်များ၏ အနိမ့်ဆုံးလုပ်အားခပမာဏ
(တစ်နာရီစာလုပ်အားခ) ကို နှိုင်းယှဉ်ဇယားတွင် ဖြည့်သွင်း၍ နှိုင်းယှဉ်ကြည့်ရအောင်! (*2)

## အနိမ့်ဆုံးလုပ်အားခနှင့် နှိုင်းယှဉ်ပုံနည်းလမ်း

သင်၏လုပ်အားခနှင့် သက်ဆိုင်ရာစီရင်စုနယ်၏ အနိမ့်ဆုံးလုပ်အားခပမာဏကို ဖြည့်သွင်းကြည့်ရအောင်။ (*2)

**A နာရီစားဖြစ်ပါက**

တစ်နာရီစာလုပ်အားခ ______ ယန်း ≥ အနိမ့်ဆုံးလုပ်အားခ ______ ယန်း

**B နေ့စားဖြစ်ပါက**

နေ့စားခ ______ ယန်း ÷ 1 ရက်၏ ပျမ်းမျှသတ်မှတ်ထားသော အလုပ်ချိန် ______ နာရီ = တစ်နာရီစာလုပ်အားခ ______ ယန်း ≥ အနိမ့်ဆုံးလုပ်အားခ (တစ်နာရီလုပ်အားခ) ______ ယန်း

**C လခစားဖြစ်ပါက**

လခ ______ ယန်း ÷ 1 လ၏ ပျမ်းမျှ သတ်မှတ်ထားသော အလုပ်ချိန် ______ နာရီ = တစ်နာရီလုပ်အားခ ______ ယန်း ≥ အနိမ့်ဆုံးလုပ်အားခ (တစ်နာရီလုပ်အားခ) ______ ယန်း

**D အထက်ဖော်ပြပါ A, B, C ကို ပေါင်းထားသူ**

ဥပမာအနေဖြင့် အခြေခံလုပ်အားခသည် နေ့စားခဖြင့်ရပြီး
အခြားထောက်ပံ့စရိတ်အသီးသီး
(ဝတ္တရားအရ ထောက်ပံ့စရိတ် စသည်) ကို လခဖြင့်ရပါက

① အခြေခံလုပ်အားခ (နေ့စားဖြစ်ပါက) →B အတိုင်း တွက်ချက်၍ တစ်နာရီစာလုပ်အားခကို ထုတ်သည်
② ထောက်ပံ့စရိတ်အသီးသီး (လခစားဖြစ်ပါက) →C အတိုင်း တွက်ချက်၍ တစ်နာရီစာလုပ်အားခကို ထုတ်သည်
③ ①နှင့် ②ကို ပေါင်းပြီးသည့် ပမာဏ ≥ အနိမ့်ဆုံးလုပ်အားခ (တစ်နာရီစာလုပ်အားခ)

(*1) အနိမ့်ဆုံးလုပ်အားခပမာဏနှင့် နှိုင်းယှဉ်၍ အောက်ပါလုပ်အားခကို ထည့်သွင်းမည် မဟုတ်ပါ။
① အထူးပေးချေသည့်လုပ်အားခ (မင်္ဂလာဆောင် ထောက်ပံ့စရိတ် စသည်) ② 1 လကြာ ကျော်လွန်ပြီးတိုင် ပေးချေသည့် လုပ်အားခ (ဘောနပ်စ် စသည်) ③ သတ်မှတ်ထားသော အလုပ်ချိန်ကို ကျော်လွန်သည့် အလုပ်လုပ်ချိန်အတွက် ပေးချေသည့် လုပ်အားခ (အချိန်ပိုကြေး အတွက် တိုးလာသည့် လုပ်အားခ စသည်) ④ သတ်မှတ်ထားသော အလုပ်လုပ်ရက်ထက်ပိုသည့် အလုပ်လုပ်ရက်အတွက် ပေးချေသည့် လုပ်အားခ ⑤ ည 10 နာရီမှ မနက် 5 နာရီအထိ အလုပ်လုပ်ခြင်းအတွက် ပေးချေသည့် လုပ်အားခသည် သာမန်အလုပ်လုပ်ချိန်၏ လုပ်အားခ၏ စုစုပေါင်း ငွေပမာဏကို ကျော်လွန်သည့် ဝေစု (ညဘက်အလုပ်လုပ်ခြင်းအတွက် တိုးလာသည့် လုပ်အားခ စသည်) ⑥ အလုပ်ပျက်ရက်မရှိ ထောက်ပံ့စရိတ်၊ သယ်ယူပို့ဆောင်ရေး ထောက်ပံ့စရိတ်နှင့် မိသားစု ထောက်ပံ့စရိတ်
(*2) အသေးစိတ်တွက်ချက်သည့်နည်းလမ်းနှင့် ကော်မရှင်ပေးသည့်အခါ တွက်ချက်သည့်နည်းလမ်း စသည်တို့ကို အလုပ်သမားဦးစီးဌာန သို့မဟုတ် အနီးအနားရှိ အခြေခံအလုပ်သမားကြီးကြပ်ရေးရုံးသို့ ဆွေးနွေးနိုင်သည်

**業務改善助成金**

အမြင့်ဆုံး ယန်းသောင်း 600 အား ထောက်ပံ့မည်

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ!

လုပ်အားခတိုးမြှင့်မှုအား ပံ့ပိုးပေးသော "စီးပွားရေးပြုပြင်မွမ်းမံမှု ထောက်ပံ့ငွေ" ကို အသုံးချလိုက်ကြရအောင်!



## စီးပွားရေးပြုပြင်မွမ်းမံမှု ထောက်ပံ့ငွေ ဆိုသည်မှာ

"စီးပွားရေးပြုပြင်မွမ်းမံမှု ထောက်ပံ့ငွေ" ဆိုသည်မှာ ကုန်ထုတ်လုပ်မှုစွမ်းအားကို တိုးတက်စေပြီး လုပ်ငန်းခွင်အတွင်း အနိမ့်ဆုံးဖြစ်သော လုပ်အားခ (လုပ်ငန်းခွင်အတွင်း အနိမ့်ဆုံး လုပ်အားခ)" ကို တိုးမြှင့်ရန်ကြိုးစားနေသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အသေးစားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့မည့် ထောက်ပံ့ငွေ ဖြစ်ပါသည်။
စက်ပစ္စည်းကိရိယာ ရင်းနှီးမြှုပ်နှံမှုစသည်တို့ကို လုပ်ဆောင်ထားပါက ငွေထောက်ပံ့ရန် လိုအပ်သည့် အချက်များနှင့်အညီ ထိုကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပေးပါသည်။

စီးပွားရေးပြုပြင်မွမ်းမံမှု ထောက်ပံ့ငွေ ဖုန်းခေါ်ဆိုမှုစင်တာ

0120-366-440

အသေးစိတ်ကို ဤနေရာ (ဂျပန်ဘာသာဖြင့်သာ)

業務改善助成金 検 索

### ငွေထောက်ပံ့ရန် လိုအပ်သည့် အချက်များ

- ☑ လုပ်ငန်းခွင်အတွင်း အနိမ့်ဆုံးလုပ်အားခကို တိုးမြှင့်ခြင်း
- ☑ တိုးမြှင့်ထားသော လုပ်အားခပမာဏကို ပေးချေခြင်း
- ☑ ကုန်ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်မှုကို ပံ့ပိုးပေးမည့် ကိရိယာများနှင့် စက်ပစ္စည်းများကို တပ်ဆင်ခြင်း
- ☑ ထုတ်ပယ်ခြင်း၊ လုပ်အားခလျှော့ချခြင်းကဲ့သို့သော ခွင့်ပြုချက်မရှိသည့် အကြောင်းများမရှိပါ

**စက်ပစ္စည်းကိရိယာ ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သောကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ခြင်း**

အကျဉ်းချုပ်ကို ဗီဒီယိုဖြင့် စစ်ဆေးရန်!

### ထောက်ပံ့ငွေ ပေးချေမှုအထိ အဆင့်ဆင့်

1. လျှောက်လွှာပုံစံထုတ်ပေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်စီမံကိန်းစသည်တို့ကို လုပ်ငန်းတည်ရှိသည့် စီရင်စု၏အလုပ်သမားဌာနသို့ တင်ပြခြင်း
   → စစ်ဆေးခြင်း
2. ခွင့်ပြုပြီးနောက် တင်ပြထားသည့်စီမံကိန်းအရ လုပ်ငန်းကို အကောင်အထည်ဖော်ခြင်း
3. အကောင်အထည်ဖော်မှုရလဒ် အစီရင်ခံစာ၊ ထောက်ပံ့ရန်လျှောက်လွှာတို့ကို အလုပ်သမားဌာနသို့ တင်ပြခြင်း
   → စစ်ဆေးခြင်း
4. ငွေ ထောက်ပံ့ခြင်း

လုပ်ထုံးလုပ်နည်းကို ဗီဒီယိုဖြင့် စစ်ဆေးရန်!

### ပညာရှင်နှင့် အခမဲ့ဆွေးနွေးခြင်းကို အကောင်အထည်ဖော်ခြင်း

လုပ်အားခတိုးမြှင့်ရေးတွင် စိတ်ပူပင်နေသည့် ပုဂ္ဂိုလ်များသည်
အလုပ်သမား ပြုပြင်ပြောင်းလဲတိုးတက်ရေးအား အကူအညီပေးသည့် စင်တာတွင် ဆွေးနွေးတိုင်ပင်ပါ။

အသေးစိတ်သည် ဤနေရာ (ဂျပန်ဘာသာဖြင့်သာ) 働き方改革推進支援センター 検索

### အလုပ်လုပ်ခြင်း ပုံစံဆန်းသစ်ပြောင်းလဲမှု မြှင့်တင်ခြင်း ထောက်ပံ့ငွေ

ဂျပန်ဘဏ္ဍာရေးအဖွဲ့အစည်းတွင် လုပ်ငန်းခွင်အတွင်း အနိမ့်ဆုံး လုပ်အားခအား မြှင့်တင်ရန် ကြိုးပမ်းနေသော
လုပ်ငန်းရှင်များအတွက် ပစ္စည်းကိရိယာရင်းနှီးငွေများနှင့် လည်ပတ်မှု ရင်းနှီးငွေအား ချေးငွေများ ဆောင်ရွက်ပေးနေပါသည်။

အသေးစိတ်သည် ဤနေရာ (ဂျပန်ဘာသာဖြင့်သာ) 働き方改革推進支援資金 検索

リサイクル適性Ⓐ
この印刷物は、印刷用の紙へリサイクルできます。

(R7.9)